# ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ဟဲဟိုး)

ရွာတော်ရွာအနီး၊ ဘော်နင်းကျေးရွာအုပ်စု

ကလောမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

**Pa Auk Tawya Meditation Centre (Heho)**

Near Ywa-taw Village, Baw-nin Village Group

Kalaw Township, Shan State, Myanmar

Phone : 09764538589, 09795843239

Email : hehopaauk@gmail.com

Website : www. hehopaauktawya.org


## တရားစခန်းဝင်ရောက်အားထုတ်လိုသူများအတွက် လမ်းညွှန်ချက်

### အဆင့်(၁) စုံစမ်းမေးမြန်းခြင်း

ဖားအောက်တောရ(ဟဲဟိုး)ရိပ်သာခွဲသို့ တရားစခန်း ဝင်ရောက်အားထုတ်လိုသော ရဟန်း/ရှင်/လူယောဂီတို့သည် ရှေးဦးစွာ

(၁) ကျောင်းတိုက်သို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊

(၂) သံဃာ့ရေးရာ ဖုန်းနံပါတ်- ၀၉၇၆၄၅၃၈၅၈၉ သို့ ဆက်သွယ်၍ဖြစ်စေ၊

(၃) ကျောင်းတိုက် Email: hehopaauk@gmail သို့ Email ပို့၍ဖြစ်စေ၊

(၄) Viber, WhatsApp, Telegram အစရှိသော ကျောင်းတိုက်၏ Social Application တစ်ခုခုသို့ဖြစ်စေ ဆက်သွယ်၍ တရားစခန်း ဝင်ရောက်အားထုတ်လိုကြောင်း ဆက်သွယ်စုံစမ်း မေးမြန်းရမည်။

### အဆင့်(၂) လျှောက်လွှာရယူ

ထို့နောက် တရားစခန်းဝင်ခွင့်လျှောက်လွှာကို အဆင့်(၁)၌ဖော်ပြခဲ့သောနည်းလမ်းများမှတဆင့် ရယူခြင်းဖြင့်လည်းကောင်း၊ ကျောင်းတိုက်၏ Website ဖြစ်သော www.hehopaauktawya.org ၌ download ယူခြင်းဖြင့်လည်းကောင်း ရယူပါ။

### အဆင့်(၃) ဖြည့်စွက်ပြန်ပို့

ထို့နောက် လျှောက်လွှာတွင်ဖော်ပြထားသော အချက်အလက်များကို တိကျမှန်ကန်စွာဖြည့်စွက်၍ လူကိုယ်တိုင်ဖြစ်စေ၊ ကျောင်းတိုက် Email သို့ဖြစ်စေ၊ Social Application တစ်ခုခုသို့ဖြစ်စေ လျှောက်လွှာကို ပြန်လည်ပေးပို့၍ လျှောက်ထားရမည်။

### အဆင့်(၄) ခွင့်ပြုစောင့်ဆိုင်း

ထို့နောက် ကျောင်းတိုက်၏ခွင့်ပြုချက်ကို စောင့်ဆိုင်းရမည်။ ခွင့်ပြုချက်ရရှိပြီးမှသာ တရားစခန်းသို့ လာရောက်အားထုတ်ရမည်။ (လျှောက်လွှာတင်ခြင်းသည် အချက်အလက်များကို ပေးပို့လျှောက်ထားခြင်းသာဖြစ်ပြီး **တရားစခန်းဝင်ရန် လက်ခံခြင်း မဟုတ်ပါ။** ကျောင်းတိုက်သည် (ကူးစက်ရောဂါ/ နိုင်ငံရေးအခြေအနေစသော အရေးပေါ်အခြေအနေများမှအပ) တစ်နှစ်ပတ်လုံး အမြဲတမ်း ဖွင့်လှစ်ထားသော တရားစခန်းဖြစ်ပါသည်။ သို့သော် ကျောင်းတိုက်တွင် အခန်း/တရားထိုင်နေရာ အကန့်အသတ်ရှိသောကြောင့် လျှောက်လွှာမတင်ထားသောသူများကို လက်ခံပေးမည်မဟုတ်သလို ရောက်လာသူတိုင်းကိုလည်း အခန်း/တရားထိုင်နေရာများ တာဝန်ယူ၍ စီစဉ်ပေးမည် မဟုတ်ပါ။ ကြိုတင်အကြောင်းကြားထားသောသူများ (သို့မဟုတ်) ခွင့်ပြုချက်ရပြီးသောသူများကိုသာ အခန်း/တရားထိုင်နေရာ တာဝန်ယူစီစဉ်ပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းတိုက်မှ ခွင့်ပြုချက်ကို စောင့်ဆိုင်းရယူပါ။)

***မှတ်ချက်။ ။ ရေရှည်တရားအားထုတ်မည့်သူများ၏ အနေအထိုင်/တရားကြိုးစားမှုအပေါ် သုံးလတစ်ကြိမ် ပြန်လည်စီစစ်ပါမည်။

သံဃာ့ရေးရာဌာန၊ ဖားအောက်တောရ(ဟဲဟိုး)၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်။